MARCH 2024

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# e-Newsletter

Vol.3 No.3 https://mnhrc.org.mm/publication/e-Newsletter




ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် သင်တန်းသား၊ သတ်တန်းသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

## သတင်းအညွှန်း

ကော်မရှင်မှ မြောင်းမြအကျဉ်းထောင်၊ မြောင်းမြမြို့မရဲစခန်း အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းနှင့် လပွတ္တာလူငယ်အားမာန် သင်တန်းကျောင်းတို့အားကြည့်ရှုစစ်ဆေးခြင်း စာ ၆

တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ စာ ၈

တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ စာ ၁၀၊ ၁၂

စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ စာ ၁၁

ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိရဲစခန်း အချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုသိမ်(ရုံးခွဲ) တို့အား ကြည့်ရှုစစ်ဆေးခြင်း စာ ၁၂

The APF Annual Program on GANHRI Accreditation 2024 Workshop သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး ပါဝင်တက်ရောက် စာ ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက် ပို့ချ စာ ၁၅၊ ၁၆

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ စာ ၁၆

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် သင်ခန်းစာသွားရောက် ပို့ချ စာ ၁၇

## ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ကျင်းပပြုလုပ်

ဖေဖော်ဝါရီလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ၂၉-၂-၂၀၂၄ ရက်နေ့၊ ၁၃:၃၀ နာရီအချိန်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမကြီး၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သင်တန်းသူ/သားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်အတွင်း လူ့အခွင့်အရေးကို မြှင့်တင်ပေးရန်နှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် တစ်ခုတည်းသော အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းဖြစ်ကြောင်း၊ လူ့အခွင့်အရေးမြှင့်တင် ပညာပေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးရှိ နေရာဒေသအသီးသီးမှ ပြည်သူများနှင့် နိုင်ငံတော်ယန္တရားအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများအထိ လူ့အခွင့်အရေး အသိပညာတိုးပွားရေး






ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဘဝဖွံ့ဖြိုးရေးတွင် အရေးအပါဆုံးဖြစ်သည့် လူသားအားလုံး၏ စားဝတ်နေရေးသည် အခြေခံအကျဆုံး လူ့အခွင့်အရေးများဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေးအခွင့်အရေးများလည်း လူမှုရေးဆိုင်ရာ အခွင့်အရေးများဖြစ်ကြောင်း၊ ကျန်းမာရေးအခွင့်အရေးသည် လူသားများ၏ အသက်ရှင်သန်ခွင့်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည့်အတွက် လူသားများ ကျန်းမာကြံ့ခိုင်စေရန် ဆရာဝန် /သူနာပြုများနှင့် ဆေးဝါးများ လုံလောက်မှုရှိရန်တို့သည် အရေးကြီးသည့် အခွင့်အရေးများဖြစ်သလို ဆေးရုံ/ ဆေးခန်းများကို လက်လှမ်းမီစေမှသာ ကျန်းမာရေးခံစားခွင့်ကို ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူ့ဘောင်အဖွဲ့အစည်းအတွင်း အရေးကြီးသည့် ကျန်းမာရေးအခွင့်အရေးကို အဓိကတာဝန်ယူ ဆောင်ကြဉ်းပေးလျက်ရှိသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် အနာဂတ်၏ သူနာပြုအလောင်းအလျာများ အနေဖြင့် လူသားတို့၏ အသက်ရှင်သန်ခွင့်အပေါ် လေးစား၍ အများပြည်သူတို့၏ ကျန်းမာရေးအခွင့်အရေးများကို သိရှိနားလည်ကာ အမိတက္ကသိုလ်ကြီးက သင်ကြားပေးလိုက်သော အတတ်ပညာများနှင့် ပေါင်းစပ်ပြီး အများပြည်သူတို့၏ ကျန်းမာရေးကို စွမ်းစွမ်းတမံ စောင့်ရှောက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအား ၁၅:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ခြင်း





(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်စဉ်



ဖေဖော်ဝါရီလ ၁၂ ရက်

နေပြည်တော်တွင် ၁၂-၂-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ၊ဂုဏ်ပြုညစာစားပွဲနှင့်ဂုဏ်ပြုဖျော်ဖြေပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း





ဖေဖော်ဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ **“လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအကြောင်း သိကောင်းစရာ”** ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ၂၂-၂-၂၀၂၄ ရက်နေ့၊ နေ့လယ် ၁၄:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးရေး ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်က အဖွင့်အမှာ စကားပြောကြားရာတွင် အသိပညာမျှဝေခြင်းအစီအစဉ် Knowledge Sharing ပြုလုပ်ခြင်းသည် အဖွဲ့အစည်း၊ ဌာန၊ လုပ်ငန်းအသီးသီး၏ အောင်မြင်မှုတိုးတက်ဖြစ်ပေါ်မှုများအတွက် အဓိကကျသော မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၂၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဌာနလုပ်ငန်းအသီးသီး၏ လုပ်ငန်းစွမ်းဆောင်မှုများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပိုမိုဆန်းသစ်ဆောင်ရွက်နိုင်ရန်၊ ပိုမိုချောမွေ့အောင်မြင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ဖတ်မှတ်လေ့လာသည်ထက် Knowledge Sharing တွင် ပါဝင်တက်ရောက်ခြင်းသည် အချိန်တိုအတွင်း သိမှတ်ဖွယ်ရာများ၊ ဆောင်ရန်/ ရှောင်ရန်များ၊ တန်းဖိုးရှိသည့် အတွေ့အကြုံများ၊ သင်ခန်းစာများကို အသင့်သိရှိသွားနိုင်မည် ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများအတွက် များစွာ အကျိုးရှိစေမည်ဖြစ်၍ သေချာစွာလိုက်နာမှတ်သားစေလိုကြောင်း ပြောကြားပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက **“လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအကြောင်းသိကောင်းစရာ”** ခေါင်းစဉ်ဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအကြောင်း၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း၊ အကြံပြုတိုက်တွန်းချက်များ ပေးပို့ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား

ကြည့်ရှုစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရာတွင် လိုက်နာရမည့်အချက်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပါသည်။ ထို့နောက် တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဆွေးနွေးပွဲကို Hybrid System ဖြင့် ကျင်းပခြင်းဖြစ်ပြီး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးဟောပြောပွဲအား ၁၆:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## Strategic Plan (2025–2029) ရေးဆွဲနိုင်ရေး အထူးအစည်းအဝေးကျင်းပခြင်း



### ဖေဖော်ဝါရီလ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Strategic Plan (2025–2029) ရေးဆွဲနိုင်ရေး အထူးအစည်းအဝေးကို ၁–၂–၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီ အချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံများက Strategic Plan (2025–2029) ရေးဆွဲနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ၁၁:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး ကျင်းပခြင်း

### ဖေဖော်ဝါရီလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) ကို ၈–၂–၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း (၁/၂၀၂၄) ဖွင့်လှစ်ခြင်း



**ဖေဖော်ဝါရီလ ၁၉ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်းများအတွက် ၂၀၂၄ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၉-၂-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် သင်တန်းတက်ရောက်ကြမည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာ ဤသင်တန်းသည် ကော်မရှင်၏ ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက် (Operational Plan) ရည်မှန်းချက်ပန်းတိုင် (၆) တွင် သတ်မှတ်ထားသည့်အတိုင်း အရည်အချင်းပြည့်ဝပြီး လုပ်ငန်းအပေါ် သစ္စာရှိသော ဝန်ထမ်းကောင်းများ ရရှိစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အခြေခံရုံးလုပ်ငန်းများကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်နှင့် စနစ်တကျ ဆောင်ရွက်သွားနိုင်ရန် အရေးကြီးသည့်အတွက် သင်တန်းသားများအနေဖြင့် ဂရုတစိုက်မှတ်သားစေလိုကြောင်း၊ သင်တန်းပို့ချမည့်ဆရာများကလည်း စေတနာထားပြီး လက်တွေ့ အတွေ့အကြုံများနှင့် ယှဉ်တွဲပို့ချပေးစေလိုပါကြောင်း၊ ကော်မရှင်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ စွမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန် ခံယူမှတ်သားကြစေလိုကြောင်း ပြောကြားပါသည်။ ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပါသည်။ ဆက်လက်၍ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အခြေခံရုံးလုပ်ငန်းသင်တန်းကာလသည် ၁၉-၂-၂၀၂၄ ရက်နေ့မှ ၁-၃-၂၀၂၄ ရက်နေ့အထိ (၁၀) ရက်ကြာ သင်ကြားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ Hybrid ပုံစံဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် ရုံးခွဲမှ ဝန်ထမ်းများပါ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားအား ၁၃:၃၀ နာရီအချိန်တွင် ရုပ်သိမ်းပါသည်။

## ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် အသစ်ခန့်အပ်ထားသည့် ဦးစီးအရာရှိများအား လမ်းညွှန်သြဝါဒစကားမြွက်ကြားခြင်း

**ဖေဖော်ဝါရီလ ၁၆ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် ၁၆-၂-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန် Conference Room တွင် အသစ်ခန့်ထားသည့် ဦးစီးအရာရှိများအား တွေ့ဆုံ၍ လမ်းညွှန်သြဝါဒစကား မြွက်ကြားပါသည်။ ယင်းသို့တွေ့ဆုံရာတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဖေဖော်ဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၄) ကို ၂၈-၂-၂၀၂၄ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ပြီး စီမံရေးရာနှင့်ဘဏ္ဍာရေးဌာန အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် လျာထားချက်များ၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြောင်းမြအကျဉ်းထောင်၊ မြောင်းမြမြို့မရဲစခန်း အချုပ်ခန်းနှင့် တရားရုံး အချုပ်ခန်းနှင့် လပွတ္တာလူငယ်အားမာန်သင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဖေဖော်ဝါရီလ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၅-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းသို့လည်းကောင်း၊ ၆-၂-၂၀၂၄ ရက်နေ့တွင် မြောင်းမြမြို့ရှိ မြောင်းမြအကျဉ်းထောင်သို့လည်းကောင်း၊ ၇-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်ရှိ လပွတ္တာလူငယ်အားမာန် သင်တန်းကျောင်းသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြောင်းမြရဲစခန်း အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ မိသားစုတွေ့ဆုံမှုအခြေအနေ၊ ရုံးထုတ်နေမှု အခြေအနေ၊ ရုံးထုတ်ကာလအတွင်း စားသောက်မှုအခြေအနေနှင့် အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေး



ခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြောင်းမြအကျဉ်းထောင်အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေလုံလောက်မှု ရှိ မရှိ၊ မိသားစုနှင့်တွေ့ဆုံခွင့် အခြေအနေ၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅ဝ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။



လပွတ္တာလူငယ်အားမာန်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ် သင်တန်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသောရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှု အခြေအနေနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လေ့ကျင့်ပြုစုစောင့်ရှောက်ပျိုးထောင်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည် ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) ကျင်းပခြင်း



**ဖေဖော်ဝါရီလ ၁၄ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ တင်ဒါကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) ကို ၁၄-၂-၂၀၂၄ ရက်နေ့၊ ၁၅:၀၀ နာရီအချိန် Conference Room တွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါ်နုနုယဉ်၊ ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာ ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့မှ အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းများမှ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုများကို အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးသူရကျော်က တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်အရ တင်ဒါကော်မတီဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၆:၁၀ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာ ပို့ချ




**ဖေဖော်ဝါရီလ ၇ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၂)၊ (၁၁၃) နှင့် ခြေလျင် တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၁) တို့သို့ ၇-၂-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်း

နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၂)၊ (၁၁၃) ၌ သင်တန်းသား ဦးရေ ၁၁၈ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၁) ၌ သင်တန်းသားဦးရေ ၁၁၁ ဦး၊ စုစုပေါင်း သင်တန်းသား ဦးရေ ၂၂၉ ဦး တက်ရောက်ခဲ့ကြပါသည်။

## အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်း လာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၂၀ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ဖိတ်ကြားချက်အရ ၂၀-၂-၂၀၂၄ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ (Regional Workshop to Strengthen Capacity of National Mechanism for the Advancement of Women in AMS)" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နန္ဒယဉ် တက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ကျင်းပခြင်း

ဖေဖော်ဝါရီလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏တင်ဒါကော်မတီအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄) ကို ၂၆-၂-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် Conference Roomတွင် ကျင်းပခဲ့ရာတင်ဒါကော်မတီဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါ်နန္ဒယဉ်၊ ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့မှ အပြီးသတ်ဆောင်ရွက်ရမည့်လုပ်ငန်းများမှ ဆောင်ရွက်ပြီးစီးမှုများ၊ ငွေပေးချေမှုနည်းလမ်းများ၊ ဝယ်ယူပြီးပစ္စည်းများကို သက်ဆိုင်ရာ အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်အတူ စစ်ဆေးလက်ခံထားရှိမှုများ၊ ဆောင်ရွက်ရန်ကျန်ရှိသော ပစ္စည်းများကို သတ်မှတ်ရက်မတိုင်မီ အချိန်မီဝယ်ယူနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်အရ တင်ဒါကော်မတီဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၆:၁၀ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေး (၁/၂၀၂၄) သို့ တက်ရောက်ခြင်း

ဇန်နဝါရီလ ၃၀ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃၀-၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအစည်းအဝေး (၁/၂၀၂၄) သို့" ကော်မရှင်အဖွဲ့ဝင် ဒေါ်နန္ဒယဉ် တက်ရောက်ခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ




**ဖေဖော်ဝါရီလ ၈ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၉၅)၊ (၉၆) တို့သို့ ၈-၂-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၅)၊ (၉၆) ၌ စုစုပေါင်း သင်တန်းသားဦးရေ ၂၂၁ ဦး တက်ရောက်ခဲ့ကြပါသည်။

---

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တိုင်တန်းချက် (၃၃) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၁) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၁၀) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၉) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိပါသည်။ ဖေဖော်ဝါရီလတွင် တိုင်တန်းချက် လက်ကျန် (၃) စောင်ရှိပါသည်။

# စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



## ဖေဖော်ဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် ဖွင့်လှစ်လျက်ရှိသော စစ်ဦးစီးတက္ကသိုလ် သင်တန်း၊ အမှတ်စဉ် (၇၁) ၌ ၂၂-၂-၂၀၂၄ ရက်နေ့၊ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား အရာရှိကြီး စုစုပေါင်း ၂၂၃ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားအရာရှိကြီးများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။



# ၁၀-၁၂-၂၀၂၃ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲတွင် ပထမဆုရ Logo



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ




ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၅) သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်သည် လူ့အခွင့်အရေးအခြေခံအယူအဆများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများအား ၂၁-၂-၂၀၂၄ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ စုစုပေါင်း သင်တန်းသားဦးရေ ၅၆ ဦး တက်ရောက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိ ရဲစခန်း အချုပ်ခန်း၊ တရားရုံး အချုပ်ခန်း၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုသိမ်(ရုံးခွဲ) တို့အား ကြည့်ရှုစစ်ဆေးခြင်း





ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၉-၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ရဲစခန်း အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းသို့လည်းကောင်း၊ ၂၀-၂-၂၀၂၄ ရက်နေ့တွင် အကျဉ်းဦးစီးဌာန၊ ပုသိမ်အကျဉ်းထောင်နှင့် ပုသိမ်မြို့ရှိ စက်တော်ရာဘိုးဘွားရိပ်သာသို့လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ ၂၁-၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုသိမ် (ရုံးခွဲ) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ မိသားစုတွေ့ဆုံမှု အခြေအနေ၊ ရုံးထုတ်နေမှုအခြေအနေ၊ ရုံးထုတ်ကာလအတွင်း စားသောက်မှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိနှင့် အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်အကျဉ်းထောင်အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်မှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံခွင့်အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေး မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ပုသိမ်အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်မြို့နယ်ရှိ စက်တော်ရာဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဖေဖော်ဝါရီလ ၂၇ ရက်

